ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း
# သို့မဟုတ်
# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်
# ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
# လုပ်ငန်းလမ်းညွှန်

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့အထိ ပြင်ဆင်ထားသည့် လွှတ်တော်
ရွေးကောက်ပွဲနည်းဥပဒေများနှင့်အညီ ပြင်ဆင်ရေးသား၍ ပြန်လည်ပုံနှိပ်သည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်။

# ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း
# သို့မဟုတ်
# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်
# ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
# လုပ်ငန်းလမ်းညွှန်

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂ |
| ၃။ | မဲဆန္ဒနယ်ကြေညာခြင်း | ၄ |
| ၄။ | မဲစာရင်းပြုစုခြင်း | ၅ |
| ၅။ | ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း | ၆ |
| ၆။ | လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်တင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်း | ၆ |
| ၇။ | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကိုစိစစ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၁၅ |
| ၈။ | ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများ | ၁၈ |
| ၉။ | ဆန္ဒမဲပေးခြင်း | ၂၀ |
| ၁၀။ | ရွေးကောက်ပွဲကုန်ကျစရိတ်များ | ၂၃ |
| ၁၁။ | နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်း | ၂၆ |
| ၁၂။ | အထွေထွေ | ၂၇ |
| ၁၃။ | နိဂုံး | ၂၉ |

# ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်

**နိဒါန်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်မှာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန်ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရသည်။

၂။ ယင်းသို့ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် မူပိုင်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများကိုလည်းကောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်း သတ်မှတ်ထုတ်ပြန်ထားသည်။

၃။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း၊ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသည် ဖော်ပြပါဥပဒေနှင့်

နည်းဥပဒေများကို ကျေညက်စွာနားလည်သဘောပေါက်မှသာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများနှင့်စပ်လျဉ်းသည့် ယင်းတို့၏ လုပ်ငန်း ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိသော တစ်နည်းအားဖြင့် လွတ်လပ်၍ တရားမျှတသော ဆောင်ရွက်ချက်များ ဖြစ်ပါမည်။

၄။ သို့ရာတွင် လက်တွေ့နယ်ပယ်၌ ဥပဒေ၊ နည်းဥပဒေများကို ဖတ်ရှုရာတွင် ကျေညက်စွာ နားလည်သဘောပေါက်ရန် ခက်ခဲမည်ဖြစ်၍ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် ဤပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်း လမ်းညွှန်ကို ပြုစုထုတ်ပြန်ခြင်းဖြစ်သည်။

၅။ ဤလုပ်ငန်းလမ်းညွှန်သည် ကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများကို အခြေခံ၍ပြုစုထားသဖြင့် ဖော်ပြပါ မူရင်းဥပဒေ၊ နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ဆက်စပ်လေ့လာခြင်းဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊

(ဂ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်းတို့ကို ကြီးကြပ်ခြင်း၊

(င) ရရှိသည့်ရန်ပုံငွေများကိုစနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(စ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဆ) ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(ဈ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန် စောင့်ထိန်းခြင်း၊

(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(ဋ) ကော်မရှင်ကပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

## မဲဆန္ဒနယ်ကြေညာခြင်း

၇။ (က) ရွေးကောက်ပွဲဥပဒေအရ ကော်မရှင်က သတ်မှတ်ထားသော သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများ စာရင်းကို ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ထပ်ဆင့်ကြေညာရမည်။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ အတွက် မဲဆန္ဒနယ်အလိုက် သတ်မှတ်ထားသည့် နယ်မြေ များစာရင်းကို အောက်ပါအတိုင်း ထပ်ဆင့်ကြေညာရမည်-

(၁) မြို့နယ်တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ မြို့နယ်အလိုက်လူဦးရေကို ရွေးကောက်ပွဲဥပဒေနှင့် အညီ တတ်နိုင်သမျှအချိုးညီစွာ ပိုင်းခြားသတ်မှတ် ထားသည့် နယ်မြေအရ တစ်ဆက်တစ်စပ်တည်းဖြစ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတို့ကို မဲဆန္ဒနယ် အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)အဖြစ် သတ်မှတ် ထားသည်ကို ထပ်ဆင့် ကြေညာခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရရှိပြီးသော သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေ

ဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း ကော်မရှင်က သတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီး အတွက် လူမျိုးတစ်မျိုးလျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ ယင်း တိုင်းရင်းသားလူမျိုး တစ်မျိုးစီအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်စီအဖြစ် သတ်မှတ် ထားသည်ကို ထပ်ဆင့် ကြေညာခြင်း၊

(ခ) လွှတ်တော်မဲဆန္ဒနယ် တစ်နယ်တွင် ပါဝင်သော အချို့ ဒေသများ၌ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိ၍ ရွေးကောက်ပွဲကျင်းပခြင်း မပြုရန် ကော်မရှင်ကဆုံးဖြတ်ကြေညာချက်ကို ကြိုတင်၍ ထပ်ဆင့် ကြေညာရမည်။

## မဲစာရင်းပြုစုခြင်း

၈။ မဲစာရင်းပြုစုရာတွင် -

(က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိသည့် အမည်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းအား ကြီးကြပ်ရမည်။

(ခ) မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်စေရမည်။

(ဂ) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် သို့မဟုတ် တင်ပြလာလျှင် စိစစ်၍ ထိုအမည်များကို ရွေးကောက်ပွဲ မကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းရန် ခွင့်ပြုနိုင်သည်။

**ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ခြင်း**

၉။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာချက်ကို ပုံစံ(၅) ဖြင့် ကြေညာရမည်။ ယင်းကြေညာချက်မိတ္တူများကို သက်ဆိုင်ရာ မြို့နယ်များတွင် ထပ်ဆင့် ကြေညာစေရမည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်တင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် ခန့်ထားခြင်း**

၁၀။ ပုံစံ(၆)ဖြင့် တင်သွင်းလာသော လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကိုလက်ခံ၍ စိစစ်ဆောင်ရွက်ရမည်။ အမျိုးသား လွှတ်တော်မဲဆန္ဒနယ် တစ်နယ်တွင် ခရိုင် တစ်ခုထက် ပိုမိုပါဝင်နေပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ကော်မရှင်ကသတ်မှတ် ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်ဖြစ်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်းနှစ်စောင်ကိုပါ ကော်မရှင်က သတ်မှတ် ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။ သတ်မှတ်ထားသောကာလ

ကုန်ဆုံးပြီးမှ တင်သွင်းလာသည့် အမည်စာရင်း တင်သွင်းလွှာကို လက်ခံခြင်းမပြုရ။

၁၁။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်း တင်သွင်းခြင်း ရှိ မရှိ စိစစ်ရမည်။

၁၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်း ထားသူ၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ ၊ လက်ခံရန် သင့် မသင့် စိစစ်ရမည်။

၁၃။ လက်ခံရရှိထားသော အမည်စာရင်း တင်သွင်းလွှာ မိတ္တူ တစ်စောင်စီကို မဲဆန္ဒနယ်အလိုက်စုစည်း၍ သတ်မှတ်ထားသည့်နေ့ရက် တွင် စိစစ်ပြီး ရွေးကောက်ပွဲဥပဒေပါ အရည်အချင်းများနှင့် ကိုက်ညီ ပါ က သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပုံစံ(၁၀)ဖြင့် ပြုစု၍ ကြေညာရမည်။ ကြေညာချက်မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်။

၁၄။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏အမည် စာရင်းတင်သွင်းလွှာ ပုံစံ (၆)တွင် လိုအပ်ချက်များကို အပြည့်အစုံ ဖြည့်သွင်းထားခြင်း မရှိလျှင်သော်လည်းကောင်း၊ ပူးတွဲပါရှိရမည့် စာရွက်

စာတမ်းများ ပြည့်စုံစွာပူးတွဲထားခြင်း မရှိလျှင်သော်လည်းကောင်း ယင်းအမည်စာရင်း တင်သွင်းလွှာကို ငြင်းပယ်ရမည်။

၁၅။ အမည်စာရင်းတင်သွင်းလွှာ လက်ခံရရှိပါက ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ခြင်းခံရသူက-

(က) တင်သွင်းလွှာပေါ်၌ အမှတ်စဉ်ရေးမှတ်ပြီး ရရှိသောနေ့ရက်၊ အချိန်တို့ကို မှတ်တမ်းတင်၍ လက်မှတ်ရေးထိုးရမည်၊

(ခ) အမည်စာရင်းတင်သွင်းလွှာ၌ ပါရှိသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်နှင့်တကွ အချက်အလက်အပြည့်အစုံအပြင် အမည်စာရင်း တင်သွင်းလွှာ စိစစ်ရန် သတ်မှတ်ထားသော နေ့ရက်၊ အချိန်၊ နေရာတို့ကို ဖော်ပြသော ကြေညာချက် ပုံစံ(၆-က)ကို မိမိ၏ရုံး၌ အများမြင်နိုင်သည့်နေရာတွင် ဆောလျင်စွာ ကပ်ထားရမည်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် အခြားသူတစ်ဦးအား မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားလို၍ ပုံစံ(၇-က)နှစ်စောင်ဖြင့် တင်သွင်းလာသည့်အခါ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့်သူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းများနှင့်ပြည့်စုံသူ ဟုတ် မဟုတ် စိစစ်ပြီး ခန့်စာများပါ ရွေးကောက်ပွဲကိုယ်စားလှယ်၏ ဓာတ်ပုံပေါ်၌ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်၍ တစ်စောင်အား အမည်စာရင်းတင်သွင်းသူသို့ ပြန်လည်ပေးအပ်ရမည်။

၁၇။ ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းက ထုတ်ပေးထားသော ခန့်စာနှင့်အတူ ရုပ်သိမ်းလွှာ ပုံစံ(၇-ခ)ဖြင့် တင်ပြလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းက မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူတစ်ဦးကို လည်းကောင်း ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ပုံစံ (၇)နှင့် ပုံစံ (၇-က) တို့ဖြင့် ထပ်မံခန့်ထားစေရမည်။

၁၈။ လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အတွက် စိစစ်ရေးကတ်ပြားများကို သတ်မှတ်ထားသည့် ပုံစံအတိုင်း ထုတ်ပေးရမည်။

၁၉။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိကော်မရှင်အဖွဲ့ခွဲကို ကူညီရန် ပါတီနိုင်ငံရေးကင်းရှင်းသူများအား ရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

၂၀။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို စိစစ်ရာတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ဖြစ်စေ၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၅ (ခ) အရ ယှဉ်ပြိုင်ရွေးကောက်ခံမည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လုံလောက်သော အထောက်အထား

များ တင်ပြ၍ ကန့်ကွက်သောကြောင့်ဖြစ်စေ၊ အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားတွေ့ရှိပါက အမည်စာရင်းတင်သွင်းလွှာကို ပယ်ရမည် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်စာရင်း တင်သွင်းလွှာတွင် ဖော်ပြထားသော အမည်နှင့်နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင် ကတ်ပြားအမှတ်တို့သည် သက်ဆိုင်ရာ မဲစာရင်းတွင် ပါရှိသောအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ် တင်သွင်း ခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူဖြစ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်း များနှင့် ပြည့်စုံသူ မဟုတ်ခြင်း၊

ရှင်းလင်းချက်။ (၁) လွှတ်တော် ကိုယ်စားလှယ်လောင်း သည် စိတ်ပေါ့သွပ်သူ သို့မဟုတ် လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး ၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ

ဖြစ်ကြောင်းအကြောင်းပြချက်ဖြင့်
ကန့်ကွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ
တရားရုံး၏ မှန်ကန်ကြောင်း
လက်မှတ်ရေးထိုးထားသည့် အမိန့်
မိတ္တူမှန်ကို တင်ပြရမည်။ ထိုသို့
တင်ပြခြင်းမရှိပါက ယင်းကန့်ကွက်
ချက်ကို အရေးမယူရ။

(၂) လွှတ်တော် ကိုယ်စားလှယ်လောင်း
သည် နိုင်ငံသားမဟုတ်ကြောင်း၊
ယင်းမွေးဖွားချိန်တွင် ယင်း၏မိဘ
နှစ်ပါးလုံး သို့မဟုတ် တစ်ပါးပါး
သည် နိုင်ငံသား မဟုတ်ကြောင်း၊
လွှတ်တော်ကိုယ်စားလှယ် အဖြစ်
ရွေးကောက် တင်မြှောက်ခံရသည့်
အချိန်နှင့် တစ်ဆက်တည်း
ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်
အနည်းဆုံး ၁၀ နှစ် နေထိုင်ခဲ့သူ
မဟုတ်ကြောင်း အကြောင်းပြချက်
တစ်ခုခုဖြင့် ကန့်ကွက်ခြင်းဖြစ်လျှင်

ခိုင်လုံသောသက်သေ သို့မဟုတ် အထောက်အထား၊ သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း၏ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဆုံးဖြတ်ချက် သို့မဟုတ် မှတ်တမ်း မိတ္တူမှန် တစ်ခုခုကို တင်ပြရမည်။ ထိုသို့ တင်ပြခြင်း မရှိပါက ယင်းကန့်ကွက်ချက်ကို အရေးမယူရ။

(ဃ) အမည်စာရင်းတင်သွင်းရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ပေးသွင်းရာတွင်လည်းကောင်း နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၁။ ကန့်ကွက်ချက်ကိုစုံစမ်းစစ်ဆေးရာတွင် -

(က) ကန့်ကွက်သူက လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲဥပဒေ အခန်း(၅)နှင့် အခန်း(၇) ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူမဟုတ်ဟု ကန့်ကွက်လျှင် ထိုကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထား ထင်ရှားအောင် တင်ပြခြင်းမပြုနိုင်ပါက ကန့်ကွက်လွှာကို ပယ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲ ဥပဒေ အခန်း (၅)နှင့် ကိုက်ညီသော်လည်း ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲဥပဒေ အခန်း (၅) နှင့် အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသောကြောင့် ကန့်ကွက်လွှာကို လက်ခံခဲ့ခြင်း ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ အမည်ကို ပုံစံ (၇-က)ဖြင့် ထပ်မံတင်သွင်းနိုင်သည် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် မိမိကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပုံစံ(၇)ဖြင့် တင်ပြနိုင်သည်။

၂၂။ ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်း၌လည်းကောင်း၊ အမည်စာရင်းတင်သွင်းလွှာ၌လည်းကောင်း အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်၊ နေရပ်တို့နှင့် စပ်လျဉ်း၍ ဖော်ပြရာ၌ အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်း ရှိသော်လည်း ယင်းသို့ဖော်ပြချက်မှာ မည်သူ မည်ဝါ သို့မဟုတ် မည်သည့်နေရပ်ကို ဆိုလိုကြောင်း အများသိရှိနားလည်နိုင်လျှင် ယင်းသို့ မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း သို့မဟုတ် ချွတ်ချော်ခြင်းအတွက် အမည်စာရင်းတင်သွင်းလွှာကိုမပယ်ရ။ မဲစာရင်း၌ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာ၌ဖြစ်စေ ယင်းသို့ မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း သို့မဟုတ် ချွတ်ချော်ခြင်းကို ပြင်ဆင်ခွင့် ပြုနိုင်သည်။

၂၃။ ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် -

(က) အမည်စာရင်းတင်သွင်းလွှာ သို့မဟုတ် ကန့်ကွက်လွှာ တစ်ခုချင်းအလိုက် အမှုတွဲဖွင့်လှစ်ရမည်။ အမည်စာရင်း တင်သွင်းလွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံလျှင် လက်ခံကြောင်း၊ ပယ်လျှင်ပယ်ကြောင်း အကျိုးအကြောင်း အကျဉ်းချုပ်ဖော်ပြ၍ အမှုတွဲတွင် မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုး ရမည်။

(ခ) သတ်မှတ်ထားသောနေ့တွင် အမည်စာရင်းတင်သွင်းလွှာ များ စိစစ်ခြင်းနှင့် စပ်လျဉ်းသော လုပ်ငန်းအားလုံး ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ သို့ရာတွင် ကန့်ကွက် ချက်ရှိလျှင် ယင်းကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေး ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၂၄။ ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် -

(က) သက်ဆိုင်သူအား အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက် အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်ကြောင်း ပြောကြားပြီး နောက် ထိုသို့ ပြောကြားပြီးကြောင်းကို အမှုတွဲတွင် မှတ်တမ်းတင်ထားရမည်။

(ခ) အယူခံလိုသူအား အယူခံနိုင်ရန်အတွက် ဆုံးဖြတ်ချက် မိတ္တူမှန်တစ်စောင်ကို အမိန့်ချမှတ်သည့်နေ့တွင် အခမဲ့ ထုတ်ပေးရမည်။

(ဂ) ယင်းသို့ဆုံးဖြတ်ချက် မိတ္တူမှန် ထုတ်ပေးပြီးနောက် အဆိုပါအမှုတွဲကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်။ယင်းသို့ ပေးပို့သောအမှုတွဲကို မိတ္တူပြုစု၍ မိမိရုံးတွင် လက်ခံ အဖြစ် သိမ်းဆည်းထားရမည်။

၂၅။ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၁ အရ တင်သွင်းသော အယူခံလွှာနှင့်ပတ်သက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲက ချမှတ်သော အမိန့်စာမိတ္တူတစ်စောင်ပေးပို့လျှင် မိမိရုံးရှိ သက်ဆိုင်ရာ အမှုတွဲတွင် သိမ်းဆည်းထားရမည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကိုစိစစ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ**

၂၆။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိအမည်စာရင်း တင်သွင်းလွှာကို မိမိဆန္ဒအလျောက် ရုပ်သိမ်းလို၍ ပုံစံ (၉) နှစ်စောင်ဖြင့် ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တင်ပြလာသည့်အခါ လက်ခံပြီး မိမိ၏ရုံးတွင် အများပြည်သူ တွေ့မြင်

နိုင်သောနေရာ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းသည့် နောက်ဆက်တွဲ(က)ဖြင့် ကြေညာချက်ကို ကပ်ထားရမည်။ မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ ပေးပို့ရမည်။

၂၇။ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီးနောက် အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းရန် သတ်မှတ်ထားသောရက် ကုန်ဆုံးသည်နှင့် စိစစ်လက်ခံ အတည်ပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပုံစံ(၁၀)ဖြင့် ပြုစု၍ မိမိ၏ ရုံးတွင် အများပြည်သူတွေ့မြင်နိုင်သောနေရာ၌ ကပ်ထားကြေညာရမည်။ မိတ္တူကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ အဆင့်ဆင့်ပေးပို့စေပြီး ယင်းတို့၏ ရုံးများတွင် အများပြည်သူတွေ့မြင်နိုင်သောနေရာ၌ ကပ်ထားစေရမည်။ မိတ္တူကို နည်းဥပဒေ ၁၉(ဃ)ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။

၂၈။ မဲဆန္ဒနယ်တစ်နယ်တွင် ပုံစံ(၁၀)ဖြင့် ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသူ တစ်ဦးတည်းသာရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

၂၉။ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ရှိခဲ့လျှင် ရွေးကောက်ပွဲကို ကျင်းပပေးရမည်။

၃၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း ထုတ်ပြန် ကြေညာပြီးနောက် အမည်စာရင်းတင်သွင်းသူတစ်ဦးသည် ရွေးကောက်ပွဲ မကျင်းပမီ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ဆုံးရှုံးသွားလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ အမည်စာရင်းမှ ပယ်ဖျက်ရမည်။ ယင်းသို့ပယ်ဖျက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်စာရင်းကို မိမိ၏ရုံးတွင် အများပြည်သူတွေ့မြင်နိုင်သောနေရာ၌ ကပ်ထားကြေညာရမည်။

၃၁။ အထက်အပိုဒ် ၃၀ အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်ကို စာရင်းမှပယ်ဖျက်သော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ အမည်စာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက် ပို၍ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများဖြင့် ရွေးကောက်ပွဲကို ကြေညာထားသည့် အစီအစဉ်အတိုင်း ကျင်းပရမည်။ ယင်းရွေးကောက်ပွဲ၌ ခိုင်လုံသော ဆန္ဒမဲအများဆုံးရသူ ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး တင်ပြရမည်။

၃၂။ အထက်အပိုဒ် ၃၁ အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းမှ ပယ်ဖျက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသာကျန်ရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

**ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများ**

၃၃။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင်ဖြစ်စေ၊ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းထားသူ၏ မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းထားလျှင်ဖြစ်စေ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကျပ်သုံးသိန်းကို ယင်းအား သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်အား ပုံစံ(၆-ခ) ဖြင့် ပြန်လည်ထုတ်ပေးရမည်။

၃၄။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို ယင်းတို့အား သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်အား ပုံစံ (၆-ဂ) ဖြင့် ပြန်လည်ထုတ်ပေးရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာပြီးနောက်တွင် ယင်းတို့အား သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်အား ပုံစံ(၆-ဃ)ဖြင့် ပြန်လည်ထုတ်ပေးရမည်။

(ဂ) ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် မရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကိုမူ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ဃ) အထက်အပိုဒ် ၃၃ နှင့် ၃၄(က)၊ (ခ)တို့အရ ပြန်လည် ထုတ်ပေးရမည့် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း လာရောက် ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရမည်။

**ဆန္ဒမဲပေးခြင်း**

၃၅။ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၄၅(က)နှင့် (ခ)အရ သတ်မှတ်ထားသောနေ့ရက်၊ သတ်မှတ်ထားသောနေရာ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်း ရသည့် အခါတွင်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆန္ဒမဲ ပေးခြင်း မပြုနိုင်သည့်အကြောင်းရင်း၊ ရပ်ဆိုင်းရသည့် အကြောင်းရင်း၊ မည်သည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်းကို ကျင်းပပေးသင့်ကြောင်း၊ ယင်းသို့ ဆန္ဒမဲပေးခြင်းကို ဆက်လက်ပြီး ဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တဖန် ဆန္ဒမဲပေးစေရန်သင့်ကြောင်း ကော်မရှင်သို့ အစီရင်ခံသည့် အစီရင်ခံစာ မိတ္တူကို လက်ခံရရှိသည့်အခါ မိမိရုံးတွင် အမှုတွဲဖွင့်၍ သိမ်းဆည်း ထားရမည်။

၃၆။ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၄၇(က) အရ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းပျက်ပြယ်လျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မည်သည့် နေ့ရက်အချိန်တွင် မည်သည့်နေရာ၌ ထိုမဲရုံအတွက် ဆန္ဒမဲ အသစ်ပေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ကို ကော်မရှင်သို့

အစီရင်ခံသည့် အစီရင်ခံစာမိတ္တူကို လက်ခံရရှိသည့်အခါ မိမိရုံးတွင် အမှုတွဲဖွင့်၍ သိမ်းဆည်းထားရမည်။

၃၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ(၁၆)ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၆(ခ)၊ (ဂ) နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၄၆ (ဂ)၊ (ဃ) တို့အရ ရရှိသည့် ဆန္ဒမဲများ အပါအဝင် ) နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင် ဆန္ဒမဲအရေအတွက် ကိုပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ဖြော်ပြထားသည့် ကိုယ်စားလှယ်လောင်း အစီအစဉ် အတိုင်း ပုံစံ(၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစု၍ ပေးပို့ သည့်အခါ မိမိရုံးတွင်အမှုတွဲဖွင့်၍ သိမ်းဆည်းထားရမည်။ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများက ပြုစုပေးပို့သော ပုံစံ(၁၉)များကို စုစည်းထိန်းသိမ်း ထားရှိရမည်။

၃၈။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုထက် ပိုမိုပါဝင်နေပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ပုံစံ (၁၉) များကို ကော်မရှင်ကသတ်မှတ်ပေးသော ခရိုင်ကော်မရှင်အဖွဲ့ခွဲက လက်ခံ ဆောင်ရွက်ရမည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင် တစ်ခုတည်းသာ ပါဝင်ပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့လာ

သော ပုံစံ (၁၉)များကို သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲက လက်ခံဆောင်ရွက်ရမည်။

၃၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြုစုပေးပို့သော ပုံစံ (၁၉) များကို အခြေပြု၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုတည်းသာ ပါဝင်ပါက ပုံစံ(၁၉-က) ဖြင့် စုစည်း စာရင်းပြုစုရမည်။

(ခ) လွှတ်တော် မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုထက် ပိုမိုပါဝင်ပါက ကော်မရှင်က သတ်မှတ်သည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ပုံစံ(၁၉-ခ) ဖြင့် စုစည်း စာရင်းပြုစုရမည်။

(ဂ) ယင်းသို့ စုစည်းပြုစုထားသော စာရင်းကို မိမိရုံးတွင် ကပ်၍ကြေညာပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဃ) ခိုင်လုံသောဆန္ဒမဲ အများဆုံးရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်း တူညီနေလျှင် ထိုဆန္ဒမဲတူညီနေသူများအတွက် ရွေးကောက်ပွဲအသစ် ကျင်းပပေးရန် သင့် မသင့် ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

၄၀။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ခိုင်လုံသောဆန္ဒမဲ အများဆုံး ရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်း တူညီနေလျှင် ထိုဆန္ဒမဲတူညီနေသူ

များအတွက် ရွေးကောက်ပွဲအသစ်ကို ကျင်းပပေးရန် သင့် မသင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြသည့် စာမိတ္တူများကို မိမိရုံးတွင် အမှုတွဲဖွင့်၍ သိမ်းဆည်းထားရမည်။

## ရွေးကောက်ပွဲကုန်ကျစရိတ်များ

၄၁။ လွှတ်တော် ကိုယ်စားလှယ်လောင်းများက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ အပိုမိတ္တူ တစ်စုံနှင့်အတူ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့က တင်သွင်းသည့်အခါ ယင်းကုန်ကျစရိတ်ငွေစာရင်း တင်သွင်းသည့် နေ့ရက်ကိုလည်းကောင်း၊ သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု မပြု ကိုလည်းကောင်း ယင်းစာရင်း၌ မှတ်တမ်းတင်ထားရမည်။

၄၂။ ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း နှစ်စုံနှင့် ကျမ်းကျိန်လွှာကိုရရှိပြီးနောက် နှစ်ရက်အတွင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းပုံစံ (၂၀) မိတ္တူတစ်စုံကို မိမိရုံးတွင် အများပြည်သူ မြင်နိုင်သည့်နေရာ၌ ကပ်ထားရမည်။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း မိတ္တူ ကူးယူလိုသူရှိပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာ ပြည့်သည်

ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ် ၁၀၀၀ ပေးဆောင်ပါက မဲဆန္ဒရှင်မည်သူမဆို ကုန်ကျစရိတ်စာရင်း မိတ္တူမှန် လျှောက်ထားရယူခွင့်ပေးရမည်။

၄၃။ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် သတ်မှတ်ထားသောနေ့ရက်ကုန်ဆုံးသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ကော်မရှင်သို့ အောက်ပါအချက်များ ပါဝင်သည့် အစီရင်ခံစာကို တင်သွင်းရမည်။ အစီရင်ခံစာမိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည် -

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါကယင်းသို့ တင်သွင်းသည့် နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြုမပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏

ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာသင့်ကြောင်း တင်ပြချက်။

၄၄။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၀ အရ အစီရင်ခံစာကို တင်သွင်းပြီးနောက် အောက်ပါအချက်များပါဝင်သည့် ကြော်ငြာစာကို မိမိရုံးရှိ အများပြည်သူမြင်နိုင်သည့်နေရာ၌ ကပ်ထားရမည်-

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါကယင်းသို့ တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြုမပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်ကို သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ရန် တင်ပြထားသော

လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ။

၄၅။ အထက်အပိုဒ် ၄၄ အရ ကြေညာသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းက မိမိအား အရည်အချင်း ပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ကော်မရှင်သို့လျှောက်ထားပါက ယင်းလျှောက်ထားချက် မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးပို့သည်ကို လက်ခံရရှိသည့်အခါ မိမိရုံးတွင် အမှုတွဲဖွင့်၍ သိမ်းဆည်းထားရမည်။

၄၆။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၅ အရ ကော်မရှင်က ညွှန်ကြားထားသည့်အတိုင်း မှတ်တမ်းတစ်စောင်စီကို မဲဆန္ဒနယ်အလိုက်ပြုစု၍ ကော်မရှင်သို့ အစီရင်ခံရမည်။

နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်း ၊ ကြီးကြပ်စေခြင်း

၄၇။ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်း ပြုရမည်။

၄၈။ နိုင်ငံရေးပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်၍ ကော်မရှင်၏ တာဝန်ပေးချက်အရ စစ်ဆေးရာတွင် အစိုးရဌာန အဖွဲ့အစည်းများမှ အကူအညီရယူနိုင်သည်။

၄၉။ ကော်မရှင်၏တာဝန်ပေးချက်အရ ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

**အထွေထွေ**

၅၀။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အပါအဝင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သော ပုဂ္ဂိုလ်များသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) မိမိတာဝန်ကို ဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ခြင်း၊

(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံခြင်း၊

(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုရခြင်း၊

(င) လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် စောင့်ထိန်းလိုက်နာခြင်း၊

(စ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ဆ) ရွေးကောက်ပွဲတွင် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ခြင်း။

၅၁။ မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်စာတမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ်အထွေထွေရွေးကောက်ပွဲ ပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

၅၂။ ကော်မရှင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့မှ ညွှန်ကြားသည့်ကိစ္စရပ်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက တင်ပြလာသော ကိစ္စရပ်များကို မှတ်တမ်းတင်သိမ်းဆည်းရမည်။ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်။

၅၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် အမည်စာရင်းတင်သွင်းသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်

ခံပိုင်ခွင့် ဆုံးရှုံးသွားလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ထိုသူ၏အမည်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက တင်ပြလာပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်တင်ပြရမည်။

၅၄။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများအရ ဆောက်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောက်ရွက်ခွင့်ရှိသည်။

နိဂုံး

၅၅။ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ၌ အဓိကကျသော အခန်းကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကော်မရှင်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို ဖတ်ရှုလေ့လာ၍ ကောင်းမွန်စွာသဘောပေါက် နားလည်ထားကြရန်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ရန် လိုအပ်သည်။

၅၆။ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ကျေညက်စွာလေ့လာပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်သွားကြရန် ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နောက်ဆက်တွဲ (က)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ

-------------- လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာ

ရုပ်သိမ်းကြောင်းကြော်ငြာစာ

၁။ --------- မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်/---------- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (   ) / -------- မြို့နယ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (   ) အတွက် ----------- ကော်မရှင်အဖွဲ့ခွဲ သို့ ---------- ရက်နေ့တွင် ဦး/ဒေါ် ---------- ( မှတ်ပုံတင်အမှတ် ----------------------- )မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် အမည်စာရင်းတင်သွင်းခဲ့သည်ကို ဤရုံး၏ မှတ်ပုံတင်အမှတ်စဉ် ------- တွင် မှတ်ပုံတင်ထားရှိပါသည်။

၂။ အထက်အပိုဒ် ၁ ပါအမည်စာရင်းတင်သွင်းသူ ဦး/ဒေါ် ----------- သည် ---------- ရက်နေ့တွင် မိမိ၏ဆန္ဒအရ အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းကြောင်း တင်ပြချက်ကို ဤရုံး၏မှတ်ပုံတင်အမှတ်စဉ် ------------- ဖြင့် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ ဦး/ဒေါ် ----------  သည် ----- လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အတွင်းရေးမှူး
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ/
---------- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ/
----------------------- ခရိုင်ကော်မရှင်အဖွဲ့ခွဲ
----------------------- မြို့

ရက်စွဲ၊ -----------------------